# တပေါင်းလပြည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို

# ဂုဏ်ပြုကြိုဆိုပါသည်-

**ဒေါက်တာစုစုဒွေး**

**ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူ အများယုံကြည်အားထားသည့် တိုင်းရင်းဆေးပညာ ဘက်စုံမြင့်မား တိုးတက်စေရေး အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းဆေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံ အရှိန်အဟုန်မြှင့် ကြိုးစား ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းဆေးပညာသည် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်ရန် ခေတ်အဆက်ဆက်လက်ဆင့်ကမ်းခဲ့သော မြန်မာ့ယဉ်ကျေးမှု အမွေ အနှစ် အမျိုးသားရေးဆေးပညာ တစ်ရပ်ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် နှစ်ပေါင်းထောင်ချီ ရှည်လျားခဲ့သော တော်ဝင် ဆေးပညာဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် စသည့် မြန်မာရှင်ဘုရင်များလက်ထက်က ချီးမြှင့် မြှောက်စားခံခဲ့ရသော တော်ဝင်ဆေးပညာအဖြစ် တည်ရှိခဲ့ပါသည်။တိုင်းရင်းဆေးသမားတော်ကြီးများ၊ မူးမတ်ပညာရှိကြီးများနှင့် ကျမ်းပြု သုတေသီများ၊ ရဟန်းပညာရှိ၊ လူပညာရှိကြီးများ၏ မှတ်တမ်းတင် ပြုစုပျိုးထောင်ခဲ့သည့် အကျိုးကျေးဇူးများကြောင့် တိုင်းရင်းဆေးပညာအဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာခဲ့ကြောင်း သမိုင်းအထောက်အထားများဖြင့် တွေ့မြင်ရရှိခဲ့ခြင်းဖြစ်ပါသည်။

တပေါင်းလပြည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို ခေတ်အဆက်ဆက် သမားတော်ကြီးများက အစဉ်အလာ မပြတ်ကျင်းပခဲ့ကြပါသည်။တပေါင်းလပြည့်နေ့သည် နေလနက္ခတ်တို့ တပြိုင်နက်တည်း ကျရောက်ပြီး သက်ရှိလူသားများ နေကိုစတင်တွေ့ရှိရသော နေ့ဖြစ်သည့်အတွက် နေ နှင့် လအပူနှင့် အအေး စတင်ဖြစ်တည်လာခြင်းကို မှတ်ယူခဲ့ကြသည်ဟု ကမ္ဘာဦးကျမ်းက ဆိုထားပါသည်။ ကမ္ဘာဦးကျမ်းဖြစ်သည့် အာဒိကပ္ပကျမ်းကြီးအဆိုအရ နေကို စတင်တွေ့ရှိသဖြင့် အပူ အအေး ညီညွတ်မျှတပြီး မပူလွန်း မအေးလွန်းသောကြောင့် သက်ရှိ သတ္တဝါများအပေါ် ကျန်းမာရေးညီညွတ်မျှတမှုဖြင့် စောင့်ရှောက်ပေးမှုကို ဖြစ်စေပါသည်။ ၎င်းအပြင် အပူ အအေး ဖောက်ပြန်ပြီး ညီညွတ်မျှတမှုမရှိသည့် အခါ ရောဂါဝေဒနာခံစား ရမှုများကို တွေ့ရှိရမှာလည်းဖြစ်ပါသည်။ ၎င်းဝေဒနာများ သက်သာပြီး လူသားတို့အတွက် ကျန်းမာရေးညီညွတ်မျှတသော နေ့ဖြစ်၍ တပေါင်းလပြည့်နေ့ကို မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ဟု ခေတ်အဆက်ဆက် အသိအမှတ်ပြုကျင်းပလာခြင်း ဖြစ်သည်ကို သိရှိမှတ်သားခဲ့ရပါသည်။

တပေါင်းလပြည့်နေ့တွင် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ၊ ရာဟု၊ ကိတ် ဂြိုလ်ကြီး(၉)လုံးနှင့် အာသဝတီ၊ ဘရဏီ၊ ကြတ္တိကာ စသော နက္ခတ်(၂၇)လုံး ကြယ်တာရာ နက္ခတ်များ ပြည့်စုံစွာ တပေါင်းတစုတည်း ထွက်ပေါ်တည်ရှိလာသော အချိန်အခါ လည်းဖြစ်ပါသည်။ (၁၂)လ ရာသီတွင်လည်း တပေါင်းလသည် လများ၏အကြီးအမှူးဖြစ်ကြောင်းကို "**တပေါင်းသာခေါင် လများနောင်**" ဟုအဆိုရှိခဲ့ကြောင်း သိရှိရပါသည်။ မြန်မာ့သမိုင်း မှတ်တမ်းများအရလည်း ရှေးခေတ်အဆက်ဆက် ရဟန်းပညာရှိ၊ လူပညာရှိ တိုင်းရင်းဆေးသမားတော်များ ပေါ်ထွန်းခဲ့ပါသည်။ ရဟန်းပညာရှိ၊ လူပညာရှိ များထဲမှ ထင်ရှားသော ပညာရှင်ကြီးအချို့အား ကောက်နှုတ်ဖော်ပြရလျှင်

ပေထက်အက္ခရာတင် စာပေ အထောက် အထားများအရ အင်းဝခေတ်တွင် ကန်တော်မင်း ကျောင်းဆရာတော်၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်အဂ္ဂသမာဓိ တို့၏ ထင်ရှား သော ရဟန်းပညာရှိများ ရေးသားခဲ့သည့် ပျို့၊ ကဗျာ၊ လင်္ကာများတွင် တိုင်းရင်း ဆေးပညာ၊ ဆေးဝါး၊ ကုထုံးများကို တွေ့ရှိရမှာဖြစ်ပါသည်။

တောင်ငူခေတ်တွင် တောင်ဖီလာဆရာတော်ကြီး၊ ညောင်ရမ်းခေတ်တွင် ရွှေဥမင် ဆရာတော်ကြီးနှင့် နေရင်းဆရာတော်ကြီး၊ ကုန်းဘောင်ခေတ်တွင် နရသုခိ ဆရာကြီး၊ တောင်တွင်းကြီးဆရာတော် မကာရ လောပ အကျော် ခင်ကြီးဖျော်၊ သက်ပန်းဆရာတော်ကြီး၊ ခွေးဆောင်ဆေးကျမ်းပြုစုသည့် သမားတော်ကြီး ဦးမြတ်ထွန်းတို့မှာ ထင်ရှားသည့် တိုင်းရင်းဆေးသမားတော်ကြီးများ ဖြစ်ကြပါသည်။၎င်းအပြင် မောင်းထောင် သာသနာပိုင် ဆရာတော်ကြီး၊ နယငါးတွဲ ကိုရေးသားသည့် ဝန်စာရေးတော်ကြီး ဦးကောင်း၊ လင်္ကာရာမ ဆရာတော်၊ ဘင်္ဂလားဆရာတော်၊ ယောအတွင်းဝန်ဦးဘိုးလှိုင်၊ နန်းတွင်း သမားတော်ကြီးများ ဖြစ်သည့် ဆရာမှုန့်၊ ခေတ်ဆရာကြီးဦးပို၊ ဆရာကြီးဦးစံဝင်း၊ ဦးနှောင်း၊ ဦးမှိုင်း၊ ဦးကဲ၊ ဦးစု၊ ဦးနက်၊ ဦးဖိတ်၊ ဦးတူ၊ ဦးခဲ၊ ဦးပေါ် တို့မှာ ထင်ရှားသည့် ဘုရင့်သမားတော်များ ဖြစ်ကြပါသည်။၎င်းအပြင် နန်းတွင်းသမားတော်ကြီး ဆရာမှုန့်အား မင်းတုန်းမင်းတရားကြီးက "**တိကိစ္ဆကဆေက ဘိသက္က ရာဇာ**" ဟူသော နန်းတွင်း သမားတော်ဘွဲ့ကို ချီးမြှင့်ခြင်း ခံခဲ့ရ ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။

နန်းတွင်းသမားတော်ကြီး ဆရာမှုန်၏ တပည့်များထဲမှ ထင်ရှားကျော်ကြားသည့် တိုင်းရင်း သမားတော်ကြီးများမှာ ကိုလိုနီခေတ်တွင် များစွာပေါ်ထွက်ခဲ့ပြီး လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းကြောင်း တလျှောက်တွင် တိုင်းသူပြည်သားများ၏ ကျန်းမာရေးကို တိုင်းရင်း ဆေးသမားတော်ကြီးများက များစွာ ပြုစုစောင့်ရှောက်ခဲ့ကြရသည်မှာ သမိုင်းမှ

သက်သေပြနေပါ သည်။တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ခဲ့သည့် တိုင်းရင်းဆေးသမားတော်ကြီး ဂဠုန်ဆရာစံမှာလည်း တိုင်းရင်းဆေးသမားတော်တစ်ဦး ဖြစ်ပြီး တိုင်းရင်းဆေးကျမ်းများကို ရေးသားခဲ့သည့် တိုင်းရင်းဆေးသမိုင်းဝင် ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်း ဆေးပညာ အခန်းကဏ္ဍများကို အားပေးချီးမြှောက်မှုများ ရှိခဲ့ရာ နိုင်ငံတော်မှ တိုင်းရင်းဆေး သမားတော်များအတွက် ဥပဒေများ ရေးဆွဲချမှတ်ပေးခဲ့ခြင်း၊ ဆေးပညာပြန့်ပွားရေးအတွက် ရုံးများ မြို့နယ်များတွင် ဆေးခန်းများ ဖွင့်လှစ်ပေးခဲ့ခြင်း ဆောင်ရွက်ခဲ့ပြီး **တိုင်းရင်းဆေး ဆရာများကို ခေတ်မီနည်းစနစ်များနှင့် ပေါင်းစပ်ပြီး အရိုးကို အရွက်မဖုံးသည့် တိုင်းရင်းဆေး သမားတော် လူငယ်မျိုးဆက်သစ်များ မွေးထုတ်ပေးရန်** နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့် တိုင်းရင်းဆေးသမားတော်ကြီးများ၏ ကြိုးပမ်း ဆောင်ရွက်မှုများ တိုင်းရင်းဆေးသိပ္ပံကျောင်းကို တည်ထောင်ဖွင့်လှစ်ကာ ခေတ်မီ တိုင်းရင်းဆေးသမားတော်များ မွေးထုတ်ပေးခဲ့ပါသည်။ တိုင်းရင်းဆေးသိပ္ပံကျောင်းကြီး၏ သက်တမ်း (၃၀)ကျော် အကြာတွင် ဘွဲ့၊ ဒီဂရီ၊ အဆင့်အထိ ချီးမြှင့်နိုင်သည့် တိုင်းရင်းဆေး တက္ကသိုလ်ကြီးကို အဆင့်မြှင့်ဖွင့်လှစ်ခဲ့ပြီး ဘက်စုံတော်သည့် တိုင်းရင်းဆေးသမားတော် လူငယ်မျိုးဆက်သစ်များကို မွေးထုတ်ပေးလျှက်ရှိနေပြီဖြစ်ပါသည်။

မျိုးဆက်သစ် လူငယ်တိုင်းရင်းဆေးသမားတော် များအနေဖြင့် ခေတ်အဆက်ဆက်က လက်ဆင့် ကမ်းသယ်ဆောင်လာသည့် တိုင်းရင်းဆေးသမားတော်ကြီးများ၏ တိုင်းရင်းဆေး ပညာလောကအပေါ် တာဝန်ကျေခဲ့သည့် ကျေးဇူးတရားများကို ယခုလို တပေါင်းလပြည့် တိုင်းရင်းဆေးသမားတော်နေ့မှာ ပြန်ပြောင်း သတိရအောက်မေ့ပြီး ရှေးရှေးသမားတော်ကြီး

များကို အလေး ဂရု ဂါရဝ ထားပြီးအမှတ်ရနေစေဖို့နှင့် ကျေးဇူးဆပ်သည့်အနေဖြင့် ခေတ်အဆက်ဆက်က တိုင်းရင်းဆေးသမားတော်ကြီးများ တိုင်းပြည်အပေါ် တာဝန်ကျေခဲ့ကြသလို မျိုးဆက်သစ် လူငယ် တိုင်းရင်းဆေးသမား တော်များကလည်း ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ခြင်း၊ ကုသပေးခြင်း၊ ကျန်းမာရေး ပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် စဉ်ဆက်မပျက် သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း ဖြင့် တာဝန်ကျေစွာ အလုပ်အကျွေးပြုကြရန် လိုအပ်လှသည်ဖြစ်ကြောင်း **တပေါင်းလပြည့်နေ့ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့** ကို ဂုဏ်ပြုကြိုဆိုလျက် တင်ပြလိုက်ရပါသည်။